JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

ဇွန်လ ၁၄ ရက်၊ ၂၀၂၂ - မြန်မာ

# မြန်မာစစ်တပ်ရဲ့ရာဇဝတ်မှုတွေမှာ ကြံရာပါသူ မိုင်တဲလ်ကို ဒဏ်ခတ်ပိတ်ဆို့ အရေးယူပါ

Telecom International Myanmar Company Limited လက်အောက်က မိုဘိုင်းဖုန်းအော်ပရေတာ မိုင်တဲလ်ဟာ မြန်မာစစ်တပ်ကို အခွန်ဝင်ငွေ၊ နည်းပညာနဲ့ စောင့်ကြည့်ထောက်လှမ်းရေးစွမ်းရည်တွေ ပံ့ပိုးနေတဲ့ မြန်မာစစ်တပ်စီးပွားရေးကွန်ရက်ရဲ့အဓိက ထောက်တိုင်တစ်ရပ်ဖြစ်ပါတယ်။

Telecom International Myanmar ရဲ့ အစုရှယ်ယာရှင်တွေက စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးဖြစ်တဲ့ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနပိုင် Viettel Global Investment နဲ့ Myanmar National Telecom Holdings တို့ဖြစ်တယ်။

မိုင်တဲလ်က သူတို့ရဲ့ "အောင်တံခွန်" အရောင်းအစီအစဉ်ကတဆင့် မြန်မာစစ်တပ်အဖွဲ့ဝင်တွေကို အင်တိုက်အားတိုက် စည်းရုံးရောင်းချခဲ့ပြီး၊ အဲ့ဒီအရောင်းအစီအစဉ်မှာ စစ်သည်တစ်ဦးချင်းရဲ့ ကိုယ်ပိုင်နံပါတ်နဲ့တွဲထားတဲ့ စိတ်ကြိုက်ဖုန်းနံပါတ်တွေပေးပြီး စစ်သည်တွေကို သုံးစွဲသူစာရင်းသွင်းနိုင်ဖို့ မိုင်တဲလ်ဝန်ထမ်းတွေက တပ်ရင်း/တပ်မမှူးတို့နဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့တဲ့အကြောင်း လျှို့ဝှက်ပေါက်ကြားလာတဲ့ စာရွက်စာတမ်းတွေကို အခြေခံတဲ့ Justice For Myanmar ရဲ့စုံစမ်းလေ့လာမှုတစ်ရပ်မှာ တွေ့ရှိခဲ့ပါတယ်။

နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဝန်ကြီးတွေကို ဦးစားပေးဦးတည်ရောင်းချတာတွေ အပါအဝင် အစိုးရအရာရှိကြီးတွေနဲ့ စီးပွားရေးခေါင်းဆောင်တွေကို မိုင်တဲလ် သုံးစွဲဖို့အတွက် မက်လုံးတွေ ရက်ရက်ရောရောပေးထားတဲ့ အရောင်းမြှင့်တင်ရေးအစီအစဉ်တွေနဲ့ စည်းရုံးရောင်းချခဲ့တာပါ။

Justice For Myanmar ရဲ့ <u>မှတ်တမ်းတခုအရ</u> မိုင်တဲလ်က မြန်မာစစ်တပ်ရဲ့ ဆက်သွယ်ရေးညွှန်ကြားမှုဌာနနဲ့ မိတ်ဖက်အနေနဲ့ စစ်ဌာနချုပ်တွေမှာ ဆက်သွယ်ရေးအခြေခံ အဆောက်အဦတွေ တည်ဆောက်ခဲ့ပါတယ်။

ကုမ္ပဏီရဲ့အများဆုံးရှယ်ယာရှင်ဖြစ်တဲ့ ဗီယက်တဲလ် ကုမ္ပဏီက အဆင့်မြင့်နည်းပညာသုံး စစ်လက်နက်တွေ ထုတ်လုပ်သူဖြစ်ပြီး၊ ယင်းကုမ္ပဏီက မြန်မာစစ်တပ်ကို နည်းပညာ လွှဲပြောင်းပေးအပ်တာတွေမှာ ပါဝင်ပါတယ်။

Distributed Denial of Secrets က ထုတ်ပြန်ခဲ့တဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အဆိုပြုလွှာတစ်စောင်ကို လေ့လာသုံးသပ်ကြည့်တဲ့အခါ မြန်မာစစ်တပ်ဟာ ဆယ်နှစ်အတွင်း မိုင်တဲလ်ဆီကနေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ဝင်ငွေရမယ်လို့ ခန့်မှန်းတွက်ချက်ထားတာ တွေ့ရပါတယ်။ အဲ့ဒီဝင်ငွေတွေဟာ မြန်မာစစ်တပ်က ကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေ ဆက်ပြီးကျူးလွန်ဖို့အတွက် ငွေကြေး ထောက်ပံ့ပေးမှာ ဖြစ်တယ်။

**Justice For Myanmar** ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က “မြန်မာစစ်တပ်ရဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေမှာ မိုင်တဲလ်ရဲ့ ကြံရာပါပတ်သက်မှုက သက်သေအထောက်အထား အများအပြားကို ရှိနေပါပြီ။

“မိုင်တဲလ်ဟာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ မြန်မာစစ်တပ်အတွက် အခွန်ငွေ၊ နည်းပညာနဲ့ စောင့်ကြည့်ထောက်လှမ်းရေး စွမ်းဆောင်ရည်တွေပေးပြီး မြန်မာပြည်သူတွေရဲ့ အသက်တွေကို အန္တရာယ်တွင်းထဲ တွန်းပို့နေပါတယ်။

“မြန်မာပြည်သူတွေက မိုင်တဲလ်နဲ့ တခြားစစ်တပ်ထုတ်ကုန်အားလုံးကို သပိတ်မှောက်ပြီး သူတို့ရဲ့ ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်း ပြကြပြီး ဖြစ်ပါတယ်။ အခုအချိန်ဟာ နိုင်ငံတကာအစိုးရတွေအနေနဲ့ မြန်မာပြည်သူတွေရဲ့ အသံတွေကို နားထောင်ပြီး Telecom International Myanmar ကို အရေးယူ ဒဏ်ခတ်ပိတ်ဆို့ဖို့ အချိန်ဖြစ်ပါတယ်။

“နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက စစ်အာဏာသိမ်းလိုက်ပြီးနောက်ပိုင်း ကလေးသူငယ်တွေ အပါအဝင် ပြည်သူ ၁,၉၀၀ ကျော်ကို မြန်မာစစ်တပ်က သတ်ဖြတ်ခဲ့တယ်၊ ပြည်သူ ၁၁,၀၀၀ ကို ဖမ်းဆီးထိန်းသိမ်းထားပြီး ဖမ်းခံရသူတွေအားလုံး ညှဉ်းပမ်းနှိပ်စက်ခံနေကြရတယ်၊ လို့ ပြောပါတယ်။

“မြန်မာစစ်တပ်ရဲ့ရာဇဝတ်မှုတွေကို သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေက ထောက်ကူပေးနေတာ ဖြစ်ပါတယ်။ အခုအချိန်မှာ စစ်ကောင်စီနဲ့ သူတို့ရဲ့ စီးပွားရေး လုပ်ငန်းစုကြီးတွေဆီ ငွေကြေးစီးဆင်းတာတွေ ဖြတ်တောက်ပစ်တဲ့ ကိစ္စကို လက်တွေ့အရေးယူဆောင်ရွက်ကြဖို့ လိုပါတယ်။

“မြန်မာစစ်တပ်ရာဇဝတ်ဂိုဏ်းကို မဖြစ်မနေဖျက်သိမ်းရပါမယ်။”

မိုင်တဲလ်ဟာ မြန်မာစစ်တပ်က သူရဲ့စစ်သည်တွေကို စောင့်ကြည့်ထောက်လှမ်းနိုင်တဲ့ အန္တရာယ်ကြီးလှတဲ့ စောင့်ကြည့်ထောက်လှမ်းရေးစွမ်းရည်တွေ ပေးထားပါတယ်။

တရားမဝင်အာဏာသိမ်းဖို့ ကြိုးပမ်းခဲ့တဲ့အချိန်ကစပြီး သတ္တိပြောင်တဲ့ ပြည်သူ့စစ်သားနဲ့ ရဲသားတို့က အကြမ်းဖက်မြန်မာစစ်တပ်ကို စွန့်ခွာရင် ကြီးမားတဲ့အန္တရာယ်တွေ ရင်ဆိုင်ရမယ်ဆိုတာ သိလျက်နဲ့ပဲ ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေမှာ ပူးပေါင်း ပါဝင်ခဲ့ကြပါတယ်။

မြန်မာစစ်တပ်က အဲ့ဒီပြည်သူ့စစ်သားတွေနဲ့ ရဲသားတွေရဲ့ ဆက်သွယ်ကြ၊ ပြောဆိုကြတာတွေနဲ့ တည်နေရာတွေကို ခြေရာခံနိုင်ပါတယ်။

ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ ပူးပေါင်းပါဝင်နေကြတဲ့ ပြည်သူ့စစ်သားရဲသားတွေအနေနဲ့ လုပ်ငန်း အစီအစဉ်တွေကို ဖုန်းနဲ့ ပြောဆိုတာ ဆွေးနွေးတာတွေ မလုပ်ကြဖို့နဲ့ စစ်တပ်က မထွက်ခွာခင်မှာ သူတို့ရဲ့ ဖုန်းဆဲင်းကဒ်တွေကို ဖျက်ဆီးပစ်ဖို့ Justice For Myanmar တိုက်တွန်းပါတယ်။

## ပိုမိုသိရှိစေရန်

သုံးစွဲသူစုဆောင်းရေးနှင့် စောင့်ကြည့်ထောက်လှမ်းရေးများနှင့် ပတ်သက်၍ Justice For Myanmar ၏ ဝဘ်ဆိုဒ်သတင်းဆောင်းပါး "အကျိုးအမြတ်ဆိုင်ရာ စစ်တပ်လျှို့ဝှက်ချက်များပေါက်ကြား" ကိုဖတ်ရှုပါ။

Justice For Myanmar၏ ဝဘ်ဆိုဒ်သတင်းဆောင်းပါး "သပိတ်မှောက်မှုနှင့် စစ်အာဏာသိမ်းကြိုးပမ်းမှုက မိုင်တဲလ်အတွက် သုံးလအတွင်း အမေရိကန်ဒေါ်လာ ၂၄.၉ သန်း ထိခိုက်" အား ဖတ်ရှုပါ။

Justice For Myanmar ၏ ဝဘ်ဆိုဒ်သတင်းဆောင်းပါး "မိုင်တဲလ်သုံးစွဲသူများထံမှ ဒေါ်လာသန်းပေါင်း များစွာ စစ်ဗိုလ်ချုပ်ကြီးများထံ ဘယ်လိုစီးဝင်မည်နည်း" အား ဖတ်ရှုပါ။

Justice For Myanmar ၏ အစီရင်ခံစာ "အကျင့်ပျက်ချစားမှုဆက်ထုံးများ၊ အလွဲသုံးစားမှုလမ်းကြောင်း များ" အား ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ်စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror: https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/